
ဇေယန
(ရာမည)
အောင်မြတ်သာ နှင့်
တစ်ပဲကုသိုလ်အကျိုးတူ

## အောင်မြတ်သာနှင့် တစ်ပဲကုသိုလ် အကျိုးတူ

နေပြောက်မထိုးအောင် သစ်ပင်ကြီးငယ်တွေ အုံ့ဆိုင်းနေတဲ့ နာဂစီတောင်တန်းကြီးရှိရာ ဒေသကို တရားဘာဝနာ ကျင့်ကြံအားထုတ်ကြတဲ့ ရဟန်းသံဃာတော်တွေအပြင် လူဝတ်ကြောင်ပုဂ္ဂိုလ်တွေ၊ ယောဂီဝတ်ပုဂ္ဂိုလ်တွေ မကြာခဏဆိုသလို လာရောက် တရားအားထုတ်လေ့ ရှိကြတယ်။

"သမာဓိမလုံရင် နာဂစီကိုမတက်နဲ့"ဆိုတဲ့စကားက တရားအားထုတ်သူတွေရဲ့ ကြားထဲမှာ ရေပန်းအတော် စားခဲ့ကြတယ်။ ဘာကြောင့်လဲဆိုတော့ သာမန် သီလသမာဓိနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဆိုရင် သက်န်းမနိုင်၊ ပုဆိုးမနိုင် ဖြစ်တဲ့အထိကို ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ကြဖူးတယ်။ နာဂစီတောင်တန်းအကြောင်း ပြောမယ်ဆိုရင် ညောင်ဂူအကြောင်းကို မလွဲမသွေ ထည့်ပြောရလိမ့်မယ်။ ညောင်ပင်နှစ်ပင်က တစ်ပင်နဲ့တစ်ပင် ပင်စည်ချင်းယှက်ပြီး လွန်းထိုးကြီးထွားရာကနေ မြေပြင်အောက်ခြေမှာ သဘာဝဆန်ဆန် အပေါက်တစ်ခု ဖြစ်ပေါ်လာခဲ့တယ်။ လေဒဏ်မိုးဒဏ်ကို ခံနိုင်တဲ့ ညောင်ဂူထဲမှာ တရားအားထုတ်သူ အတော်များများ လာရောက် ကျင့်ကြံခဲ့ဖူးတယ်။ ဒါပေမဲ့ ပေါက်မြောက်အောင်မြင်ခဲ့တဲ့သူ ဆိုတာ လုံးဝမရှိခဲ့ဘူး။ ညောင်ဂူဖြစ်တည်နေတဲ့ အပင်မှာတော့ အလွန်ဆိုးသွမ်းတဲ့ ဘီလူးညီနောင် နေတယ်လို့လည်း အနီးအနားရွာခံလူတွေ ဆိုစမှတ်ရှိခဲ့ကြတယ်။

ဒီလိုနဲ့ တစ်ရက်မှာတော့ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံး၊ ယပ်တောင်တစ်ချောင်းတည်းပါတဲ့ ရဟန်းတစ်ပါးက ညောင်ဂူရှိရာအရပ်ကို

ရောက်လာခဲ့တယ်။

သိက္ခာပုဒ်နဲ့အညီ ကြွမြန်းလာတဲ့ ရဟန်းကိုမြင်တော့ ညောင်နှစ်ပင်ပေါ်မှာ နေထိုင်တဲ့ ဘီလူးညီနောင်က ရဟန်းတော် ကြားလောက်အောင် တောက်ခတ်သံ တစ်ချက်ကို ခတ်လိုက်တယ်။

ရဟန်းတော်က ဘီလူးညီနောင်ကို ရှိတယ်လို့တောင် မမှတ်ယူပဲ ညောင်ဂူထဲကိုဝင်ကာ အောက်ခြေမှာကျနေတဲ့ သစ်ရွက်ခြောက်တွေကို ဖယ်ရှားလိုက်ပြီး လွယ်ထားတဲ့သပိတ်ကို ဘေးမှာအသာချလိုက်တယ်။

ဘီလူးညီနောင်ကလည်း ဒီရဟန်း ဘာတွေလုပ်မလဲဆိုပြီး အပင်ပေါ်ကနေ အကဲခတ်နေခဲ့တယ်။ ရဟန်းတော်ကလည်း သပိတ်ကိုချလိုက်ပြီး သစ်ပင်ကြီးငယ်တွေ ကြားထဲကနေ ထိုးကျနေတဲ့ နေအလင်းရောင်ကို ခေါင်းလေးစောင်းကာ ကြည့်လိုက်တယ်။

နေက ထန်းတစ်ဖျား ရောက်နေတာမြင်တော့ သပိတ်အဖုံးကို ဖွင့်လိုက်ပြီး သပိတ်အတွင်းမှာ ရှိနေတဲ့ ရောပြွမ်းဆွမ်း(ရောပြွမ်းဆွမ်းဆိုတာက လှူထားသမျှ အရာအားလုံးကို ရောနှောထားတာကို ဆိုလိုပါတယ်)ကို ဘုဉ်းပေးခဲ့တယ်။

ဆွမ်းဘုဉ်းပြီးတာနဲ့ ညောင်ဂူရဲ့ မနီးမဝေးမှာရှိတဲ့ တောင်ကျချောင်းထဲကရေနဲ့ သပိတ်ကိုဆေးကြော သန့်စင်လိုက်ပြီး နေရောင်အနည်းငယ် ရတဲ့နေရာမှာ သပိတ်ကိုခြောက်သွေ့အောင် ချထားလိုက်တယ်။

ဆွမ်းကိစ္စပြီးစီးတာနဲ့ တစ်ပြိုက်နက် တင်ပျဉ်ခွေထိုင်ကာ တရားဘာဝနာကို စတင်ပွားများခဲ့တယ်။

ရဟန်းတော် တရားကျင့်ကြံ အားထုတ်နေတဲ့အချိန် ညောင်ပင်ပေါ်မှာရှိနေတဲ့ ဘီလူးညီနောင် နေမထိထိုင်မထိ ဖြစ်လာခဲ့တယ်။ သီလသမာဓိနဲ့

ပြည့်စုံတဲ့ရဟန်းရဲ့ အပေါ်မှာရှိနေခြင်းက ဘီလူးညီနောင်ရဲ့ ခန္ဓာကိုယ်ကို အလွန်ပူလောင်စေခဲ့တယ်။

မူရင်းစိတ်က အဖျက်သဘော ဆောင်နေတဲ့အတွက် သူတို့ပိုင်တဲ့နေရာမှာ တရားအားထုတ်တာကို တစ်နည်းမဟုတ် တစ်နည်းနဲ့ ပျက်ပြားအောင်လုပ်ဖို့ ဘီလူးညီနောင် ကြံစည်ခဲ့ကြတယ်။ ညနေနေဝင်ရီတရော အချိန်ရောက်တော့ နာဂဝီတောင်တန်းပေါ်ကို ပြင်းထန်တဲ့လေတွေ တိုက်ခတ်လာခဲ့တယ်။

လေပြင်းရဲ့အရှိန်ကြောင့် ရဟန်းတော် တရားအားထုတ်တဲ့နေရာကို သစ်ရွက်ခြောက်တွေအပြင် အခြား အမှိုက်သရိုက်တွေ စုပြုံဝင်ရောက်လာခဲ့တယ်။ ဘီလူးညီနောင်ကလည်း အခွင့်သာပြီမို့ ရဟန်းတော် တရားကျင့်တာပျက်ရအောင် လှည်းဘီးလောက်ကြီးတဲ့ ပျားအုံတစ်ခုကို နာဂဝီတောင်စွယ် တစ်ခုကနေ ယူဆောင်လာခဲ့ပြီး ဂူပေါက်ဝမှာ ပိတ်ပစ်လိုက်ကြတယ်။

ဘီလူးညီနောင်ရဲ့စိတ်ထဲမှာ လေပြင်းအရှိန်ကြောင့် ပျားအုံထဲက ပျားတွေ ထွက်လာပြီး ရဟန်းတော်ကို ကိုက်ခဲစေရန် ရည်ရွယ်ကာ ပိတ်ပစ်ခဲ့ပေမဲ့ ပျားတွေက ရဟန်းတော်ကိုမကိုက်ဘဲ လေဒဏ်ကိုကြံ့ကြံ့ခံရင်း ဂူပေါက်ဝကို ပိတ်ထားပေးခဲ့တယ်။

ဘီလူးညီနောင်ထဲမှာ အကြီးဖြစ်တဲ့သူက ရဟန်းတော်ရဲ့ ကျင့်ကြံမှုကို ဖျက်ဆီးလို့မရတာမြင်တော့ ဒေါသူပုန်ထသွားပြီး ဂူပေါက်ဝမှာပိတ်ထားတဲ့ ပျားအုံကို ကြီးမားတဲ့လက်ဝါးနဲ့ ဖြတ်ရိုက်ချလိုက်တဲ့ အချိန်

"သင်တို့ဟာ အတိတ်ဘဝက မကောင်းမှုကိုပြုခဲ့လို့ အခုဘဝမှာ ယုတ်ညံ့တဲ့ ဘီလူးဘဝကိုရောက်နေခဲ့ကြတယ် မဟုတ်လား သင်တို့ရဲ့ အနှောင့်အယှက်ကြောင့် ငါကိုယ်တော်ရဲ့ ကျင့်ကြံစွမ်းအားက ပျက်စီးသွားမှာမဟုတ်ဘူး သင်တို့ဆက်လက် နှောင့်ယှက်နေမယ်ဆိုရင် နောက်ဘဝမှာ

ငရဲကိုကျရောက်မယ့် အပြင် အပါယ်လေးဘုံကနေ ဘယ်သောအခါမှ တက်ရတော့မှာ မဟုတ်ဘူး"လို့မိန့်တော်မူခဲ့တယ်။

ရဟန်းတော်ရဲ့ မေတ္တာစာတ်အပြည့်ပါတဲ့ ဆုံးမစကားကိုကြားတော့ ဘီလူးညီနောင်ထဲက အငယ်ဖြစ်တဲ့သူက

"အသင်ရဟန်း သင်ရှိနေလို့ ငါတို့နေရာမှာ နေလို့မရဘူး ဒါကြောင့် သင်တရား ကျင့်ကြံချင်ရင် အခြားနေရာမှာ ကျင့်ကြံပါ ငါတို့ မနှောင့်ယှက်ဘူး"ဆိုပြီးပြောတော့ ရဟန်းတော်က

"ဘီလူးငယ် သင့်ရဲ့စိတ်ထဲမှာ နူးညံ့မှု အရိပ်အယောင်တွေကို ငါကိုယ်တော်မြင်တွေ့နေရတယ် သင့်ရဲ့အစ်ကိုတော်မှာတော့ ကြမ်းတမ်းခက်ထန်တဲ့ စိတ်တွေမြင်တွေ့နေရတယ် အခုငါကိုယ်တော် ရောက်လာတာကလည်း သင်တို့ကို ကျွတ်တမ်းဝင်စေချင်လို့ ကုသိုလ်အနည်းငယ်ရအောင် ဖန်တီးခဲ့တာပါ"လို့ပြောတော့ အကြီးဆုံးဘီလူးက

"အိုဘယ့်ရဟန်း ငါတို့ကသင့်ကို ဘာတွေလုပ်ပေးခဲ့လို့ ကုသိုလ်အနည်းငယ် ရတယ်ဆိုပြီး ပြောရတာလဲ"ဆိုပြီး မေးခွန်းထုတ်ခဲ့တယ်။

"အသင်ဘီလူးညီနောင် သင်တို့ငါကိုယ်တော် တရားပျက်အောင် ဂူပေါက်ဝမှာ ပျားအုံတစ်ခုကို ထားပေးခဲ့တယ် မဟုတ်ပါလား ဒီလုပ်ရပ်က ငါကိုယ်တော်ကို လေပြင်းဒဏ်တွေကနေ ကာကွယ်ပေးခဲ့တယ် အဲဒီကုသိုလ်ကြောင့် ဒီဘဝမှာ သက်တမ်းကုန်ရင် လူ့ဘဝမှာ ဝင်စားလိမ့်မယ် နှောင့်ယှက် ဖျက်ဆီးချင်တဲ့စိတ်ကြောင့် လူ့ဘဝရောက်ပေမဲ့ ဘီလူးစိတ်သာသင်တို့မှာပါလာတဲ့အတွက် လူစင်စစ်ကနေ ဘီလူးဘဝကို ပြန်ရောက်ကြဦးမယ် လူတစ်ပိုင်း ဘီလူးတစ်ပိုင်း အဖြစ်နဲ့ နှစ်အနည်းငယ် ခံစားပြီးတဲ့အချိန် အောင်မြတ်သာဆိုတဲ့ လူငယ်လေးက သင်တို့ရဲ့ အကုသိုလ်တွေကို ချေဖျက်ပေးပြီး ကောင်းမှုကုသိုလ်တွေ လုပ်တတ်အောင် သင်ကြား ပြသ

ပေးလိမ့်မယ်"

ဘီလူးညီနောင်လည်း ရဟန်းတော်ရဲ့စကားကို ကြားပြီးတဲ့အချိန် တစ်ကိုယ်လုံး ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလို ဖြစ်သွားပြီး စိတ်ရိုင်းတွေ ခေတ္တ လွင့်ပြယ်သွားသလို ဖြစ်လာခဲ့တယ်။

ရဟန်းတော်ကလည်း ချေချွတ်ရမယ့် သူတွေကို ချေချွတ်ပြီး ကောင်းကင် ခရီးနဲ့ နာဂဝိတောင်တန်းတွေရဲ့ အပေါ်ကနေ ကြွမြန်းသွားခဲ့တယ်။

ဘီလူးညီနောင် အကြောင်းကိုတော့ အောင်မြတ်သာနှင့် ဘီလူးမွေးတဲ့ရွာ၊ အောင်မြတ်သာနှင့် အုတ်နီကန်သင်္ချိုင်းဆိုတဲ့ဝတ္ထုတွေမှာ ဖတ်ရှုနိုင်ပါတယ်။

***

"ဟိုနှစ်ကောင် ပေကတ်ကတ် လုပ်မနေနဲ့ ဒီသစ်သီးတွေမစားရင် မင်းတို့ ငတ်မှာ"

နဖူးမှာ လေးထောင့်အင်းကွက်သင်္ကေတ အမှတ်အသားပါတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကြောင့် ဝါးပင်အောက်မှာ ငုတ်တုတ်ထိုင်နေတဲ့ ဘီလူးနှစ်ကောင် မျက်စောင်းထိုးကာ မော့ကြည့်လိုက်ပြီး

"ငါတို့က ဒါတွေမစားဘူး အသားစိမ်း စားချင်တယ် ဟင်းဟင်း အသား စိမ်း ကျွေးကြပါ"

"တယ် ငါလုပ်လိုက်ရ ဒီနေရာက သူတော်ကောင်းတွေနေတဲ့နေရာ အပုပ် အပွတွေ စားရမယ့်နေရာမဟုတ်ဘူး စားချင်စားမစားချင်နေ ဆရာအောင် မြတ်သာ စကားကြောင့်သာ မင်းတို့ကိုသည်းခံနေတာ

ကြပ်ကြပ်သတိထား"

ငှက်ကြီးတောင်ဓားကို ဝင့်ပြီး ကြိမ်းဝါးလိုက်တဲ့ ပုဂ္ဂိုလ်ရဲ့စကားကြောင့် ဘီလူးနှစ်ကောင် ဇက်ကလေးပုသွားပြီး ဘေးမှာချထားတဲ့ ပန်းသီးတစ်လုံးကို ကိုက်ချလိုက်တယ်။

"အေး အဲဒီလိုလိမ္မာကြပါ နောက်တစ်ခု ထပ်သတိပေးရဦးမယ် ခဏနေရင် ဆရာအောင်မြတ်သာတို့ ရောက်လာကြလိမ့်မယ် ရိုရိုသေသေဆက်ဆံတာပဲ မြင်ချင်တယ်နော် ဂျစ်ကန်ကန် လုပ်လို့ကတော့ ဟောဒီက ဓားနှောင့်က မင်းတို့နှစ်ကောင်အတွက် ဖြစ်သွားမယ်"

နှုတ်ခမ်းမွေးရေးရေး၊ အရပ်ထောင်ထောင်မောင်းမောင်းနဲ့ လူက ငှက်ကြီးတောင် ဓားအနှောင့်မှာထည့်ထားတဲ့ မိုးကြိုးသွားကို ဘီလူးနှစ်ကောင်မြင်အောင် ထောင်ပြရင်း ထုံးဖြူသုတ်ထားတဲ့ စေတီဘက်ကို ထွက်သွားခဲ့တယ်။

ဘီလူးနှစ်ကောင်လည်း မနှစ်မြို့ပေမဲ့ အမိန့်ကို မလွန်ဆန်ရဲတာကြောင့် အံကိုကြိတ်ပြီး တောက်တစ်ချက်ခတ် လိုက်တယ်။

"ဟင်းဟင်း လုပ်ထားကြဦးပေါ့ကွာ ငါ့အလှည့်ရောက်မှ အကုန်လုံးကို ပြန်သတ်မယ်"

ဘီလူးနှစ်ကောင်ထဲက အကြီးဖြစ်သူရဲ့ စကားအဆုံးမှာ ဝါးပင်ပေါ်ကနေ ဝါးရင်းတုတ်တွေ ကိုင်ထားတဲ့ အစောင့်လေးယောက် ခုန်ချလာခဲ့တယ်။

"မင်းလားကွ ငါတို့ကိုသတ်မှာ ဖြောင်း ဖြောင်း ဖြောင်း ထပ်ပြောစမ်း ဖြောင်း ဖြောင်း"

"အား သေပါပြီ နောက်မပြောရဲတော့ပါဘူး ကြောက်ပါပြီ မရိုက်ပါနဲ့တော့"

ဝါးရင်းတုတ်ကိုင် အစောင့်တွေရဲ့ ရိုက်ချက်တွေအောက်မှာ ဘီလူးနှစ်ကောင် လိမ့်နေခဲ့တယ်။

"တော်ပြီ တော်ပြီ ထပ်မရိုက်နဲ့တော့ ဒီလောက်ဆို သူတို့လည်း အတော်ကြောက်နေ လောက်ပါပြီ"

ဩဇာအပြည့်ပါတဲ့ စကားသံကြောင့် ဝါးရင်းတုတ်ကိုင်ထားတဲ့ အစောင့်တွေရိုက်မလို့ ရွယ်နေရာကနေ လှည့်ကြည့်လိုက်ပြီး

"ဆရာ ရောက်လာပြီလား ဒီကောင်တွေ ပေကတ်ကတ် ဂျစ်ကန်ကန်လုပ်နေလို့ ဆုံးမနေတာ"

အောင်မြတ်သာက မြေကြီးပေါ်မှာ လူးလိမ့်နေတဲ့ ဘီလူးနှစ်ကောင်ကို ကြည့်ပြီး

"သင်တို့ကို ဒီခေါ်လာတာ ကောင်းစေချင်တဲ့ ဆန္ဒတစ်ခုပဲရှိတယ် ဒါကြောင့် ကလန်ကဆန်မလုပ်ဘဲ ကျုပ်ပြောတဲ့အတိုင်း ကျင့်ကြံအားထုတ်ပါ အစပိုင်းက သင်တို့အတွက် ခက်ခဲလိမ့်မယ် တဖြည်းဖြည်းနဲ့တော့ ကျင့်သားရသွားမှာပါ"

"ကျုပ်တို့ဘယ်လိုမှ မနေနိုင်ဘူး ဗိုက်လည်း အရမ်းဆာတယ် ကျုပ်တို့ကို ပြန်လွှတ်ပေးပါ"

"ကောင်းပြီ ကျုပ်ခိုင်းတာကိုလုပ်နိုင်ရင် သင်တို့ကိုပြန်လွှတ်ပေးမယ်"

ပြန်လွှတ်ပေးမယ်ဆိုတဲ့ အသံကြောင့် ဘီလူးနှစ်ကောင် ခေါင်းထောင်လာပြီး

"ဘာခိုင်းမလို့လဲ ကျုပ်တို့လုပ်မယ် ပြန်လွှတ်ပေးမယ်ဆိုတာ သေချာပါတယ်နော်"

"သိပ်သေချာတာပေါ့ သင်တို့ကျုပ်ခိုင်းတာ လုပ်ဖို့အတွက် ဗိုက်ထဲမှာ

အစာရှိမှရမယ် ဒါကြောင့် ဘေးမှာချထားတဲ့ အသီးအနှံတွေကို စားချင်သည်ဖြစ်စေ မစားချင်သည်ဖြစ်စေ စားလိုက်ပါ"

အောင်မြတ်သာစကားကြောင့် ဘီလူးနှစ်ကောင်လည်း ဘေးမှာချထားတဲ့ အသီးအနှံတွေကို အောင့်အည်းသည်းခံကာ စားပါလေရော။

"ကဲ စားလို့ပြီးရင် တောင်ထိပ်က စေတီကို တက်ကြရအောင်"

ဘီလူးနှစ်ကောင်လည်း အောင်မြတ်သာတက်သွားတဲ့ အနောက်ကနေလိုက်တက်လာခဲ့တယ်။ လမ်းတစ်လျှောက်မှာရှိတဲ့ စေတီငယ်လေးတွေ တရားထိုင်နေကြတဲ့ ပုဂ္ဂိုလ်တွေကိုတွေ့လိုက်ရတယ်။

တောင်ထိပ်ကိုရောက်တော့ အောင်မြတ်သာက အနောက်ကိုလှည့်ကြည့်ပြီး

"မင်းတို့ညီနောင် ဒီစေတီမှာ နေရမယ် မနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ညတစ်ကြိမ် တရားထိုင်ရမယ် တရားထိုင်တဲ့အချိန်မှာလည်း တရားဖြတ်တဲ့ ခေါင်းလောင်းတီးသံကြားမှ မျက်လုံးကိုဖွင့်ကြည့်ရမယ်"လို့ပြောလိုက်တယ်။

"ကျုပ်တို့ တရားမထိုင်တတ်ဘူး တစ်ခါမှလည်း မထိုင်ဖူးဘူး"

"ဒါကတော့ မင်းတို့သဘောပဲ တရားမထိုင်ချင်ရင် ဒီတောင်ကနေ ဘယ်တော့မှ ပြန်လို့ရမှာမဟုတ်ဘူး အချိန်သိပ်မရှိဘူး မင်းတို့ဘာလုပ်ကြမလဲ"

ဘီလူးနှစ်ကောင်လည်း အောင်မြတ်သာစကားကို အတန်ကြာ စဉ်းစားလိုက်ပြီး

"ဒီအတိုင်း ထိုင်နေရင်ရပြီမဟုတ်လား အဲဒါဆိုထိုင်မယ် ဒါနဲ့ ကျုပ်တို့ ဘယ်လောက်ကြာအောင် ဒီစေတီမှာ နေရမှာလဲ"

"သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း ရက်ပေါင်းကိုးဆယ်တိတိ နေရမယ် ရက်ပြည့်ရင် မင်းတို့သွားလိုရာကို ခွင့်ပြုပေးမယ်"

"ကောင်းပြီ ကျုပ်တို့စထိုင်ရမယ့် အချိန်ကိုသာပြောပါ"

ဘီလူးနှစ်ကောင်ရဲ့စကားကြောင့် အောင်မြတ်သာက

"မင်းတို့စရမယ့် အချိန်က အခုပဲ"လို့ပြောကာ စေတီတော်ရဲ့စနေထောင့်မှာ ထောင်ထားတဲ့ ခေါင်းလောင်းကို တီးလိုက်တယ်။

ခေါင်းလောင်းသံ ကြားတာနဲ့ ဘီလူးနှစ်ကောင်လည်း မျက်လုံးကိုစုံမှိတ်ကာ တရားစထိုင်ပါလေရော။ သက်ခိုင်နဲ့တောက်ရလည်း မလှမ်းမကမ်းကနေ ထိုင်ပြီး အခြေအနေကို စောင့်ကြည့်နေခဲ့တယ်။ သုံးနာရီလောက် ဒုက္ခခံပြီးတဲ့ အချိန်မှာတော့ တရားဖြုတ်ပေးခဲ့ကြတယ်။

"တရားထိုင်တယ်ဆိုတာ လွယ်သလား ခက်သလား"

စကြံလျှောက်နေရင်း မေးလိုက်တဲ့ အောင်မြတ်သာစကားကြောင့် စိတ်ပျက်လက်ပျက် ပုံစံနဲ့ထိုင်နေတဲ့ ဘီလူးနှစ်ကောင်က

"တကယ်မလွယ်ဘူး ထိုင်နေရင်း လူက ဇောက်ထိုးဖြစ်သွားလိုက် ဘေးစောင်း ဖြစ်သွားလိုက်နဲ့ ဒီကြားထဲ ခြေထောက်တစ်ဖက်က ပြုတ်ထွက်တော့မလို ကိုက်သေးတယ် ဒီလိုပုံနဲ့ဆို ရက်ကိုးဆယ်ပြည့်မှ ပြည့်ပါ့မလားပဲ"

"အစဖြစ်လို့ ကျင့်သားမရသေးတာ ဖြစ်ပါလိမ့်မယ် ကဲ ဗိုက်ဆာနေကြပြီမဟုတ်လား သက်ခိုင်ရေ သစ်သီးတွေ ယူလာပေးပါဦး"

သစ်သီးဆိုတဲ့ အသံကြောင့် ဘီလူးနှစ်ကောင် မျက်နှာရှုံ့မဲ့သွားပြီး

"ဒါမျိုးတွေကြီးပဲ ရက်ကိုးဆယ်တိတိ စားရမှာလား"

"ဟုတ်တယ်လေ ဘာလဲ မင်းတို့က မစားချင်ကြဘူးလား မစားချင်ရင်

လည်း ရတယ်နော်"

"စားပါမယ် စားပါမယ် ဘာအရသာမှမရှိတဲ့ အသီးအနှံတွေကို ရက်ကိုး ဆယ်ပြည့်အောင် ကြိတ်မှိတ်ပြီးစားပါမယ် ရက်ပြည့်ရင်တော့ အသားစိမ်း လေး စားချင်မိတယ်"

"မင်းတို့ရက်ပြည့်ရင် ငါကိုယ်တိုင် အသားစိမ်းတွေ ချကျွေးမယ်လို့ ကတိ ပေးတယ် အခုတော့ အမိဋ္ဌာန် အောင်မြင်အောင် ကြိုးစားကြပါ"

အသားစိမ်းစားရမယ်ဆိုတဲ့ စကားကြောင့် ဘီလူးနှစ်ကောင်ရဲ့ မျက်လုံး တွေဝင်းလက်လာပြီး အနားမှာရှိတဲ့ အသီးအနှံတွေကို အားပါးတရ စားပါ လေရော။

ဒီလိုနဲ့ ရက်တွေအချိန်တွေ ကုန်ဆုံးလာခဲ့တာ ပထမရက်သုံးဆယ် ပြည့် တဲ့နေ့ကို ရောက်လာခဲ့တယ်။ ဘီလူးနှစ်ကောင်လည်း တရားထိုင်တာကို နည်းစနစ်မှန်လာသလို အသီးအနှံတွေရဲ့ အရသာကိုလည်း ခံစားတတ်လာ ကြတယ်။ တရားဖြုတ်တဲ့ အချိန်တွေမှာလည်း အောင်မြတ်သာရဲ့ ပြောဆို ဆုံးမမှုတွေကြောင့် ရိုသေရမယ့်သူကို ရိုသေလာပြီး စကားပြောဆို ဆက်ဆံ ပုံကအစ ပြောင်းလဲလာခဲ့ကြတယ်။

ဒုတိယရက်သုံးဆယ်ကိုရောက်တော့ သွားစွယ်တွေက အမည်းရောင်က နေ အဖြူရောင်ဘက်ကို သန်းလာခဲ့ပြီး မျက်လုံးတွေကလည်း အနီရောင်က နေ အဖြူရောင်သန်း လာခဲ့ကြတယ်။ ကိုယ်မှာပေါက်နေတဲ့ အမည်းရောင် အမွေးအမှင်တွေကလည်း နီညိုရောင်အဖြစ် တဖြည်းဖြည်း ပြောင်းလဲလာ ခဲ့ကြတယ်။ ရက်ပေါင်းကိုးဆယ် ပြည့်တဲ့နေ့မှာတော့ ဘီလူးနှစ်ကောင် တရားထိုင်နေတဲ့ စေတီကို ဂိုဏ်းအောက်နတ်တွေအပြင်၊ ဓားပိုင်၊ တုတ်ပိုင်၊ ကြိမ်ပိုင် အစောင့်တွေပါ ရောက်လာခဲ့ကြတယ်။

နောက်ဆုံးအမိဋ္ဌာန် ပြီးဆုံးတဲ့ ခေါင်းလောင်းသံကြားရတဲ့ ဘီလူးနှစ်

ကောင်လည်း တရားထိုင်ခြင်းကို ဖြုတ်ပြီးတဲ့အချိန် အောင်မြတ်သာက

"မင်းတို့က အခုချိန်ကစပြီး မင်းတို့လွတ်လပ်သွားကြပြီ မင်းတို့သွားချင်တဲ့နေရာကို သွားနိုင်ပြီ မင်းတို့စားချင်တဲ့ အသားစိမ်းတွေကိုလဲ စိတ်တိုင်းကျ စားသောက်နိုင်ပြီ ငါလည်း ကတိပေးထားတဲ့အတိုင်း မင်းတို့ကို ကျွေးမွေးရဦးမယ် မဟုတ်လား"

အောင်မြတ်သာက ဘီလူးနှစ်ကောင်ကို ပေးထားတဲ့ကတိအတိုင်း အသားစိမ်းတွေကျွေးဖို့ သက်ခိုင်ကို ယူလာစေခဲ့တယ်။ သက်ခိုင်လည်း လင်ပန်းမှာထည့်ထားတဲ့ သွေးသံရဲရဲ အသားစိမ်းတွေကို ဘီလူးနှစ်ကောင်ရဲ့အရှေ့မှာ ချပေးလိုက်တဲ့အချိန် အကြီးကောင်က လင်ပန်းထဲက အသားစိမ်းတစ်တုံးကို ကောက်ယူပြီး ပါးစပ်နား တေ့လိုက်တဲ့အချိန် ရင်ဘတ်ထဲကနေ မနေနိုင်လောက်အောင် ပျို့တက်လာခဲ့တယ်။

"ဝေ့ ဝေ့ ဘယ်လိုအနံ့ကြီးလဲ ကျုပ်တို့ဒီအနံ့ကို ဘယ်လိုမှမခံနိုင်ဘူး"

အကြီးကောင်ရဲ့ စကားကြောင့် အငယ်ကောင်ကလည်း မယုံသင်္ကာနဲ့ အသားစိမ်းတစ်တုံးကို ကောက်ယူပြီး စားမလို့ပြင်လိုက်တဲ့ အချိန်

"အတော်နံပါလား ကျုပ်တို့ရှေ့က မြန်မြန်ယူသွားပါ ဒီလိုအရာတွေ ဘယ်လိုမှစားနိုင်မှာ မဟုတ်တော့ဘူး"

ဘီလူးညီနောင်ရဲ့ အထိတ်တလန့် ငြင်းပယ်မှုကိုမြင်တော့ အောင်မြတ်သာက

"မင်းတို့အရင်က စွဲလမ်းတပ်မက်ခဲ့တဲ့ အသားစိမ်းတွေလေ အခုဘာလို့ မစားနိုင်ကြတော့တာလဲ"လို့ပြောလိုက်တော့ ဘီလူးညီနောင်က

"အရင်က ကျုပ်တို့ခံစားရတဲ့ အနံ့အသက်အရသာက ဒီလိုမဟုတ်ဘူး အခု ကျုပ်တို့ ဘယ်လိုမှအနံ့ခံလို့ မရတော့ဘူး ဒီလင်ပန်းကို ဝေးဝေးသာ

ယူသွားပါ"

မျက်နှာလွှဲကာ ငြင်းပယ်နေကြတဲ့ ဘီလူးညီနောင်ရဲ့ အဖြစ်အပျက်ကို ကြည့်ပြီး ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေအားလုံး သာဓုသုံးကြိမ်ကို သံပြိုင် ခေါ်ဆိုလိုက်ကြတယ်။

"မင်းတို့မစားနိုင်ဘူးဆိုလည်း ပြန်ယူသွားခိုင်း လိုက်ပါမယ် တောက်ရရေ အသီးအနှံ လင်ပန်းယူလာခဲ့ပါဦး"

အောင်မြတ်သာ စကားကြောင့် တောက်ရက အသီးအနှံတွေ စုံလင်စွာ ထည့်ထားတဲ့ လင်ပန်းကို ဘီလူးညီနောင်အရှေ့ကို ယူလာခဲ့တယ်။

အသီးအနှံ လင်ပန်းကိုလည်း တွေ့ရော ဘီလူးညီနောင်က ငှက်ပျောသီး တစ်ယောက်တစ်လုံးစီ ယူလိုက်ပြီး အားပါးတရ စားပါလေရော။

"ဘယ်လိုအရသာရှိလဲ စားလို့ရော ကောင်းရဲ့လား"

"အရမ်း အရသာရှိတယ် ခါတိုင်းနေ့တွေထက်ကို ပိုစားလို့ကောင်းတယ် ဒီ အသီးကို ဘာလို့ခေါ်တာလဲ"

"မင်းတို့စားနေတာက သာမန်ငှက်ပျောသီးပဲ မင်းတို့ရဲ့ အသားစားကျူးတဲ့ စိတ်ကို ပယ်သတ်ပြီးချိန်မှာ ဖြစ်လာတဲ့ အရသာတစ်မျိုးလို့လည်း ခေါ်လို့ရ တယ်"

ဘီလူးညီနောင်လည်း လင်ပန်းထဲမှာထည့်ထားတဲ့ အသီးနှံမျိုးစုံကို ကုန်စင်အောင်စားပြီးတဲ့ အချိန်မှာတော့

"ကျုပ်တို့ အရင်ဘဝကို ပြန်မရောက်ချင်တော့ဘူး ဒီစေတီကနေလည်း ဘယ်မှမသွားချင်တော့ပါဘူး ကျုပ်တို့ညီနောင်ကို ဒီမှာပဲနေခွင့်ပေးပါ"ဆို ပြီး တောင်းပန်တော့ အောင်မြတ်သာက သာဓုအကြိမ်ကြိမ် ခေါ်ပြီး

"မင်းတို့နေချင်ရင် ငါတို့ဂိုဏ်းဝင်ဖြစ်မှ ရလိမ့်မယ် အင်းစမတွေကိုလည်း

မင်းတို့ရဲ့ခန္ဓာကိုယ်မှာ စွဲကပ်ထားရလိမ့်မယ်"လို့ပြောတော့ ဘီလူးညီနောင်က

"ကျုပ်တို့ ဂိုဏ်းဝင်အဖြစ် နေချင်ပါတယ် ကျုပ်တို့ကိုတပည့်အဖြစ်လက်ခံပေးပါ"ဆိုပြီး တောင်းဆိုခဲ့ကြတယ်။

အောင်မြတ်သာလည်း ဘီလူးညီနောင်ရဲ့ တောင်းဆိုမှုကို လိုက်လျောတဲ့အနေနဲ့ ဂိုဏ်းဝင်တွေလိုက်နာရမယ့် စည်းကမ်းချက်တွေကို နားလည်အောင်ရှင်းပြပြီး အင်းသစ္စာရေ တိုက်ခဲ့တယ်။

ဘီလူးညီနောင်လည်း အင်းသစ္စာရေသောက်ပြီးတဲ့အချိန် ရင်ဘတ်မှာ ပိုးပဝါအနီရောင်၊ ခါးမှာပိုးပဝါအနီရောင် စည်းထားတဲ့အင်းတော်ကြီး ဂိုဏ်းဝင်ဘီလူးညီနောင်တွေ ဖြစ်လာခဲ့ကြတယ်။

ဂိုဏ်းဝင်ဘီလူးညီနောင် ဖြစ်လာတော့မှ အောင်မြတ်သာကို ထိုင်ကန်တော့လိုက်ကြပြီး ဆရာအဖြစ် သတ်မှတ်ခဲ့ကြတယ်။

အောင်မြတ်သာကတော့ ဘီလူးညီနောင်ကို လူ့ဘဝတုန်းက နာမည်အတိုင်း ရွှေခဲနဲ့ ငွေခဲဆိုပြီး ခေါ်စေခဲ့တယ်။

***